


VOLUME X, ISSUE 5 5 November 2021


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်ထောင်စုဝန်ကြီးဒေါက်တာဌေးအောင် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပပြုလုပ်သော ခရီးသွားလုပ်ငန်းစာရင်းဇယား၊ အသိပညာနှင့်မူဝါဒ ကမ္ဘာလုံးဆိုင်ရာဖိုရမ် ၂၀၂၁ သို့ Online မှ တက်ရောက် | ၁ |
| ၂ | ၂၀၂၁ ခုနှစ် အောက်တိုဘာလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုများ | ၂ |
| ၃ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၄ |
| ၄ | အများပြည်သူ အလုပ်ပိတ်ရက်များတွင် ရန်ကုန်မြို့ရှိ အပန်းဖြေရာနေရာများ၌ ပြည်သူများလာရောက်အပန်းဖြေလျက်ရှိ | ၆ |
| ၅ | ကျောင်းနေအရွယ် ကလေးသူငယ်များ၏ ပညာသင်ယူခွင့်ကို ပျက်စီးစေရန်အတွက် PDF အကြမ်းဖက်သမားများက ပြည်သူ့ဆေးရုံများနှင့်စာသင်ကျောင်းများအား ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ် | ၇ |

# Information Sheet

## ပြည်ထောင်စုဝန်ကြီးဒေါက်တာဌေးအောင် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပပြုလုပ်သော ခရီးသွားလုပ်ငန်းစာရင်းဇယား၊ အသိပညာနှင့်မူဝါဒ ကမ္ဘာလုံးဆိုင်ရာဖိုရမ် ၂၀၂၁ သို့ Online မှ တက်ရောက်







ခရီးသွားလုပ်ငန်း စာရင်းဇယား၊ အသိပညာနှင့်မူဝါဒ ကမ္ဘာလုံးဆိုင်ရာဖိုရမ် ၂၀၂၁ ကို နိုဝင်ဘာလ ၃ ရက်တွင် ကိုရီးယားနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံ၍ ဆိုးလ်မြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က Online မှပါဝင် တက်ရောက်ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးတွင် ကိုဗစ်-၁၉ ကပ်ရောဂါမှ ရရှိခဲ့သော သင်ခန်းစာများကို အခြေခံ၍အနာဂတ်တွင် ခရီးသွားလုပ်ငန်းကို ပိုမိုကောင်းမွန်အောင် ဖော်ဆောင်နိုင်မည့် နည်းလမ်းများ၊ အစိုးရများအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် ခရီးသွားလုပ်ငန်းပြန်လည်ဖွံ့ဖြိုးလာစေရန်နှင့် တူညီသောဦးတည်ချက်ဖြင့် မူဝါဒဆိုင်ရာ ပံ့ပိုးမှုများနှင့် အတွေ့အကြုံများကို အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးသို့ ပေါ်တူဂီ၊ တောင်အာဖရိက၊ မက္ကဆီကို၊ ဩစတြေးလျနှင့် ကော်စတာရီကာနိုင်ငံတို့မှ ဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် ခရီးသွားလုပ်ငန်း အေဂျင်စီတို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ပါသည်။

**(မြဝတီသတင်းစာ ၅-၁၁-၂၀၂၁)**

- **အစည်းအဝေးတွင် ကိုဗစ်-၁၉ ကပ်ရောဂါမှရရှိခဲ့သော သင်ခန်းစာများကိုအခြေခံ၍ အနာဂတ်တွင်ခရီးသွားလုပ်ငန်းကို ပိုမိုကောင်းမွန်အောင် ဖော်ဆောင်နိုင်မည့်နည်းလမ်းများ၊ အစိုးရများအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၏အကူအညီဖြင့် ခရီးသွားလုပ်ငန်းပြန်လည်ဖွံ့ဖြိုးလာစေရန်နှင့် တူညီသောဦးတည်ချက်ဖြင့် မူဝါဒဆိုင်ရာပံ့ပိုးမှုများနှင့်အတွေ့အကြုံများကို အမြင်းချင်းဖလှယ်ဆွေးနွေးခဲ့။**

# ၂၀၂၁ ခုနှစ် အောက်တိုဘာလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုများ




ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ မူးယစ်ဆေးဝါးဖမ်းဆီးမှုများအား အလေးထားဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလအတွင်း အောက်ပါအတိုင်း ဖမ်းဆီးရမိခဲ့ပါသည်-

- အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ဘိန်း ၁၇၈.၅၈၄ ကီလို၊ ဘိန်းဖြူ ၂၅၀.၈၃၁၆၂၄၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၄,၂၀၇,၂၈၀ ပြား၊ စိတ်ကြွအကြေ ၀.၀၀၄၆ ကီလို၊ အိုက်စ် ၁,၂၆၉.၇၃၁၈ ကီလို၊ ဆေးခြောက် ၉၄.၄၇၇၇၅ ကီလို၊ ဘိန်းဆီခဲ ၈.၄၆၂ ကီလို၊ အဆင့်နိမ့်ဘိန်း ၃.၄၀၅ ကီလို၊ ဘိန်းစာရွက် ၂၀၉.၆၁၅၅ ကီလို၊ ဘိန်းစာမှုန့် ၅၀.၉၄ ကီလို၊ ဘိန်းစာရည် ၂၉.၂၅ လီတာ၊ ဘိန်းဆီရည် ၀.၃ လီတာ၊ ကတ်တမင်း ၀.၁၅၉၃ ကီလို၊ အက်တက်စီ ဆေးပြား ၁၁၂ ပြား၊ Sedil ဆေးပြား ၅,၅၈၀ ပြား၊ ဒိုင်ယာဇီပမ်ထိုးဆေး ၁၄၀ ပုလင်း၊ အယ်ပရာဇိုလမ်ဆေးပြား ၄,၀၂၉ ပြား၊ ထရာမဒေါလ်ဆေးတောင့် ၃,၅၂၀ တောင့်၊ ထရာမဒေါလ်ထိုးဆေး ၁၀၀ ပုလင်း၊ Dimethyl Sulphate Acid ၉,၅၀၀ လီတာ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်းပေါင်း ၇၅၈,၅၂၈.၆၂၀၅ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံအမျိုးသား ၈၇၆ ဦး၊ အမျိုးသမီး ၁၂၃ ဦး၊ စုစုပေါင်းတရားခံ ၉၉၉ ဦး ဖမ်းဆီးရမိခဲ့။

အထက်ပါဖမ်းဆီးရမိသည့် တရားခံများအား သက်ဆိုင်ရာရဲစခန်းများသို့ လွှဲပြောင်းပေးခဲ့ကာ ဥပဒေနှင့်အညီထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီးလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့များ ပူးပေါင်း၍ မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် ဆက်လက်ဖော်ထုတ်ဖမ်းဆီးလျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၅-၁၁-၂၀၂၁)**

- **အောက်တိုဘာလအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များပူးပေါင်း၍ မူးယစ်ဆေးဝါးဖမ်းဆီးခြင်းများဆောင်ရွက်ခဲ့ရာ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်းပေါင်း ၇၅၈,၅၂၈.၆၂၀၅ တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့်အတူ တရားခံ ၉၉၉ ဦး အားဖမ်းဆီးရမိခဲ့။**

# ၂၀၂၁ခုနှစ်၊ အောက်တိုဘာလအတွင်း မူးယစ်ဆေးဝါးနှင့်အတူ ဖမ်းဆီးရမိသည့် တရားခံများ၏ မှတ်တမ်းဓာတ်ပုံများ



နောင်ချိုမြို့နယ်၌ တရားခံနှင့်အတူ ဖမ်းဆီးရမိသည့် ငွေကျပ် ၀.၅၉၄ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူများ



ရွာငံမြို့နယ်၌တရားခံများနှင့်အတူဖမ်းဆီးရမိသည့် ငွေကျပ် ၀.၄၉၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြားများ



ကျိုက်ထိုမြို့နယ်တွင် တရားခံများနှင့် အတူဖမ်းဆီးရမိသည့် ငွေကျပ် ၅.၂၇၈ ဘီလီယံ တန်ဖိုးရှိ ဘိန်းဖြူများ




ကျောက်ဆည်မြို့နယ်၌ တရားခံနှင့်အတူ ဖမ်းဆီးရမိသည့် ငွေကျပ် ၄.၁၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြားများ



ရွာငံမြို့နယ်၌ တရားခံများနှင့်အတူဖမ်းဆီးရမိသည့် ငွေကျပ် ၁၂.၉ ဘီလီယံ တန်ဖိုးရှိ အိုက်စ် စိတ်ကြွမူးယစ်ဆေးပြားများ



ပင်လောင်းမြို့နယ်၌ တရားခံများနှင့်အတူဖမ်းဆီးရမိသည့် ငွေကျပ် ၀.၇၂၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြားများ

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ




ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်း၊ ပြည်သူလူထုအားအသိပညာပေးခြင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများအား ဦးတည်အုပ်စုများအလိုက် ထိုးနှံပေးခြင်း စသည့် ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် တပ်မတော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

- နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၉၀ ဦးနှင့် အမျိုးသမီး ၇၄ ဦး စုစုပေါင်း ၁၆၄ ဦးအား လက်ခံကုသပေးလျက်ရှိ။
- တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၄ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၆၅,၀၄၃ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၉၈,၆၉၅ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ နိုဝင်ဘာလ ၄ ရက်တွင် ၂၈,၄၆၀ ဦး ရှိခဲ့ပြီး စုစုပေါင်း ၁,၀၅၂,၈၁၇ ဦးအား ထိုးနှံပြီးစီးခဲ့ ပြီးဖြစ်။
- တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့တွင် ပါးစပ်၊ နှာခေါင်းစည်းမတပ်ဆင်သူများအား မိုဘိုင်းအသွင်သဏ္ဍာန်ဖြင့်အရေးယူမှုလုပ်ငန်းများကို လူစည်ကားရာနေရာများတွင် ရှောင်တခင်လိုက်လံစစ်ဆေးလျက်ရှိ။
- ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ္မတူမြို့နယ်တွင် ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားသော ပြည်သူ ၁၄၀ ဦးအား RDT ဖြင့် ကိုဗစ်ပိုး ရှိ/မရှိ ရှောင်တခင် စစ်ဆေး ဆောင်ရွက်ခဲ့။
- ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် မြို့နယ်များအလိုက် လူဦးရေ ၉,၆၁၆ ဦးစာအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၄,၈၀၈ လုံးအား တပ်မတော်လေယာဉ်များဖြင့် ကျိုင်းတုံမြို့သို့ ပို့ဆောင်ပေးခဲ့။
- ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ကျောက်ဖြူအကျဉ်းထောင်၌ အကျဉ်းသူ/သား ၅၂ ဦးအား ဒုတိယအကြိမ်အဖြစ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး နိုဝင်ဘာလ ၄ ရက်အထိ အကျဉ်းသား ၁၁၆ ဦး၊ အကျဉ်းသူ ၁၄ ဦး၊ အချုပ်သား ၅၃ ဦး၊ အချုပ်သူ ၁ ဦး စုစုပေါင်း ၁၈၄ ဦးအားထိုးနှံပေးခဲ့ပြီးဖြစ်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၄ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၂,၇၃၁ ခုအားစစ်ဆေးခဲ့ပြီး၊ ပိုးတွေ့လူနာသစ် ၁,၀၀၂ ဦးဖြင့် ပိုးတွေ့ရှိမှု ၄ ဒသမ ၄၁ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၄-၁၁-၂၀၂၁ ရက်အထိ ဓါတ်ခွဲနမူနာစုစုပေါင်း ၄,၉၆၂,၄၈၀ ခု အားစစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၀၃,၉၈၁ ဦးနှင့်သေဆုံးသူ စုစုပေါင်း ၁၈,၇၆၆ ဦးရှိကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၁၁-၂၀၂၁)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ



ကျိုင်းတုံလေဆိပ်တွင် တာဝန်ရှိသူများထံ ကာကွယ်ဆေးများ လွှဲပြောင်းပေးနေမှု



ကော့သောင်းမြို့တွင် ပါးစပ်၊ နှာခေါင်းစည်းမတပ်ဆင်သူများအား အရေးယူမှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နေမှု



သီပေါမြို့အဝင်၌ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ် ဖွင့်လှစ်ဆောင်ရွက်နေမှု



မိုင်းရယ်မြို့၌ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု



မိုင်းဆတ်မြို့ရှိ ဒေသခံတိုင်းရင်းသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု



တာမွေမြို့နယ် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား နိုဝင်ဘာလ ၄ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၆၅,၀၄၃ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၉၈,၆၉၅ ဦးအားလည်းကောင်း ကာကွယ်ဆေး ထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူ များ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ နိုဝင်ဘာလ ၄ ရက်တွင် ၂၈,၄၆၀ ဦး ရှိခဲ့ပြီး စုစုပေါင်း ၁,၀၅၂,၈၁၇ ဦးအား ထိုးနှံပြီး စီးခဲ့ပြီးဖြစ်။
- ကျောက်ဖြူအကျဉ်းထောင်၌ အကျဉ်းသူ/သား ၅၂ ဦးအား ဒုတိယအကြိမ်အဖြစ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး နိုဝင်ဘာလ ၄ ရက်အထိ အကျဉ်းသား ၁၁၆ ဦး၊ အကျဉ်းသူ ၁၄ ဦး၊ အချုပ်သား ၅၃ ဦး၊ အချုပ်သူ ၁ ဦး စုစုပေါင်း ၁၈၄ ဦးအား ထိုးနှံပေးခဲ့ပြီးဖြစ်။

## အများပြည်သူ အလုပ်ပိတ်ရက်များတွင် ရန်ကုန်မြို့ရှိ အပန်းဖြေရာနေရာများ၌ ပြည်သူများလာရောက်အပန်းဖြေလျက်ရှိ




**ဒီပါဝလီနေ့တွင်ပြည်သူများ မဟာဗန္ဓုလပန်းခြံ၌ လာရောက်အပန်းဖြေနေမှု**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ပိုမိုထိရောက်စွာ ကာကွယ်၊တားဆီးနိုင်ရေးနှင့် ကိုဗစ်ကာလအများပြည်သူများ၏ ကျန်းမာရေးကိုရှေးရှုသည့်အနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ပန်းခြံနှင့်ကစားကွင်း စုစုပေါင်း ၆၂ ခုအား ယာယီပိတ်ထားခဲ့ရာမှ ယခုအခါ ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်ပြီဖြစ်၍ ပန်းခြံနှင့်ကစားကွင်းများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ရာ အများပြည်သူအလုပ်ပိတ်ရက် ဖြစ်သော ဒီပါဝလီနေ့တွင် မဟာဗန္ဓုလပန်းခြံအပါအဝင် ရန်ကုန်မြို့ရှိပန်းခြံများနှင့် ကစားကွင်းများ၌ လာရောက်အပန်းဖြေနားနေသူများနှင့်စည်ကားလျက်ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းများ ပြန်လည်ကျဆင်းလာပြီဖြစ်၍ အများပြည်သူများ သွားလာရေးအဆင်ပြေစေရန် ရန်ကုန်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်းများမှ ယာဉ်လိုင်း ၁၂၄ လိုင်းမှ တစ်ရက်လျှင် ယာဉ်အစီးရေ ၂၇၇ စီးဖြင့် နေ့စဉ်ပြေးဆွဲပေးလျက်ရှိသလို ရန်ကုန်မြို့ ပန်းဆိုးတန်း-ဒလ ပြေးဆွဲနေသည့် ချယ်ရီကူးတို့ရေယာဉ်ကို အောက်တို ဘာလ ၂၈ ရက်မှစတင်၍ ပုံမှန်ပြေးဆွဲပေးလျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၅-၁၁-၂၀၂၁)**




**အများပြည်သူများသွားလာရေးအဆင်ပြေစေရန် အဝေးပြေးကားများနှင့် ကူးတို့ယာဉ်များ ပုံမှန်ပြေးဆွဲပေးနေမှု**

- **ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပန်းခြံနှင့်ကစားကွင်းများကို နိုဝင်ဘာလ ၁ ရက်မှ စတင်ဖွင့်လှစ်ပေးခဲ့ရာ အများပြည်သူအလုပ်ပိတ်ရက်ဖြစ်သော ဒီပါဝလီနေ့တွင် မဟာဗန္ဓုလပန်းခြံအပါအဝင် ရန်ကုန်မြို့ရှိပန်းခြံများနှင့် ကစားကွင်းများ၌လာရောက်အပန်းဖြေနားနေသူများနှင့်စည်ကားလျက်ရှိ။**
- **ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းများ ပြန်လည်ကျဆင်းလာပြီဖြစ်၍ အများပြည်သူများ သွားလာရေးအဆင်ပြေစေရန် ရန်ကုန်မြို့အဝေးပြေးယာဉ်ရပ်နားစခန်းများမှ ယာဉ်လိုင်းများအား အောက်တိုဘာလမှစတင်၍ ပုံမှန်အတိုင်းပြေးဆွဲပေးလျက်ရှိသလို ရန်ကုန်မြို့ ပန်းဆိုးတန်း-ဒလ ပြေးဆွဲနေသည့် ချယ်ရီကူးတို့ရေယာဉ်ကို အောက်တိုဘာလ ၂၈ ရက်မှစတင်၍ ပြေးဆွဲပေးလျက်ရှိ။**

## ကျောင်းနေအရွယ် ကလေးသူငယ်များ၏ ပညာသင်ယူခွင့်ကို ပျက်စီးစေရန်အတွက် PDF အကြမ်းဖက်သမားများက ပြည်သူ့ဆေးရုံများနှင့် စာသင်ကျောင်းများအား ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်

NUG အဖွဲ့၏ စေခိုင်းချက်အရ PDF အမည်ခံအကြမ်းဖက်သမားများသည် ၎င်းတို့ကို ထောက်ခံအားပေးခြင်းမရှိသော အများပြည်သူများအား သေကျေထိခိုက်ဒဏ်ရာရရှိစေရန်နှင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေရန် အကြမ်းဖက်တိုက်ခိုက်မှုများ၊ လမ်း/တံတား ဖောက်ခွဲဖျက်ဆီးမှုများ၊ နိုင်ငံတော်နှင့်ပုဂ္ဂလိကပိုင် စက်ရုံ/အလုပ်ရုံများအား မီးရှို့ဖျက်ဆီး ဖောက်ခွဲတိုက်ခိုက်ခြင်းများကို အချို့ဒေသများတွင် ဆောင်ရွက်လျက်ရှိပါသည်။

စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့် ယခုအချိန်တွင်လည်း ကျောင်းသား/သူများ ပညာသင်ကြားလျက်ရှိသည့် စာသင်ကျောင်းများနှင့် အများပြည်သူများ တက်ရောက် ကုသလျက်ရှိသော ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများပြုလုပ်၍လည်း ကျန်းမာရေးစောင့်ရှောက်မှု ယန္တရားလည်ပတ်မှုယိုယွင်းစေရန် ဦးတည်လုပ်ဆောင်လာကြောင်း တွေ့ရှိရပါသည်။

- နိုဝင်ဘာလ ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ် ပြည်သူ့ဆေးရုံ ကျန်းမာရေးဝန်ထမ်းအိမ်ယာရှိ သူနာပြုဆောင် (၆)ခန်းတွဲ လိုင်းခန်းရှေ့သို့ ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သမား ၂ ဦးက M-67 လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ခဲ့ရာ ပေါက်ကွဲမှုမရှိခဲ့သဖြင့် လူနှင့်အဆောက်အဦ ထိခိုက်ပျက်စီးမှုမရှိ။
- နိုဝင်ဘာလ ၄ ရက် နံနက် ၄ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ် ဆင်ချွန်းကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းသို့ PDF အကြမ်းဖက်အဖွဲ့ဝင် ၂၀ ဦးခန့် ရောက်ရှိလာပြီး လက်လုပ်မိုင်း ၂ လုံးဖြင့် အကြောင်းမဲ့ ဖောက်ခွဲဖျက်ဆီးခဲ့ရာ ကျောင်းဝင်းအတွင်းရှိ ကျောင်းဆောင်

၁ ဆောင်၏ ပြတင်းပေါက်တံခါးများ ပြုတ်ထွက်၍ ကျောင်းဆောင် အုတ်နံရံများ ပြိုကျပျက်ဆီးမှု ဖြစ်ပွားခဲ့။

ဖြစ်စဉ်များအရ အကြမ်းဖက်သမားများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဆေးရုံများနှင့်ကျန်းမာရေး စောင့်ရှောက်မှုစင်တာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်မှုမရှိစေရန်၊ အနာဂတ်မျိုးဆက်သစ်ကလေးသူငယ်များ၏ ပညာသင်ယူခွင့်ကို အနှောင့်အယှက်ဖြစ်စေရန်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားပျက်ကာ နယ်မြေဒေသတည် ငြိမ်မှုပျက်ပြားစေလိုသော ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေခြင်းဖြစ်သဖြင့် ၎င်းတို့အားဥပဒေအရထိရောက်စွာအရေးယူနိုင်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့်ပူးပေါင်း၍ အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၅-၁၁-၂၀၂၁)**



**စဥ့်ကူးမြို့နယ်၌ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက စာသင်ကျောင်းအား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲမှုအား တွေ့ရစဉ်**



**စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၌ မပေါက်ကွဲသေးသည့် လက်ပစ်ဗုံး ၁ လုံးအား တွေ့ရစဉ်**

- **အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးအတွက်ကိုအခြေခံ၍ ၎င်းတို့ကို ထောက်ခံအားပေးခြင်းမရှိသော အများပြည်သူအားသေကျေထိခိုက် ဒဏ်ရာရရှိစေရန်နှင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေရန် အကြမ်းဖက်တိုက်ခိုက်မှုများ၊ လမ်း/တံတား ဖောက်ခွဲဖျက်ဆီးမှုများ၊ နိုင်ငံတော်နှင့်ပုဂ္ဂလိကပိုင် စက်ရုံ/အလုပ်ရုံများအား မီးရှို့ဖျက်ဆီးဖောက်ခွဲတိုက်ခိုက်ခြင်းများကို အချို့ဒေသများတွင်ဆောင်ရွက်လျက်ရှိ။**
- **ဆိုင်ကယ်စီးနင်းလာသော အကြမ်းဖက်သမား ၂ဦးက တမူးမြို့နယ် ပြည်သူ့ဆေးရုံ သူနာပြုဆောင် ၆ ခန်းတွဲရှေ့သို့ M-67 လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ခဲ့ရာပေါက်ကွဲမှုမဖြစ်ပွားခဲ့။**
- **PDF အကြမ်းဖက်အဖွဲ့ဝင် ၂၀ ဦးခန့်က စဥ့်ကူးမြို့နယ်ဆင်ချွန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းအား လက်လုပ်မိုင်း ၂ လုံးဖြင့် အကြောင်းမဲ့ဖောက်ခွဲဖျက်ဆီးခဲ့ရာ ကျောင်းဝင်းအတွင်းရှိ ကျောင်းဆောင် ၁ ဆောင်၏ ပြတင်းပေါက်တံခါးများ ပြုတ်ထွက်၍ ကျောင်းဆောင်အုတ်နံရံများ ပြိုကျပျက်ဆီးမှု ဖြစ်ပွားခဲ့။**